# (၁၃) ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီအစည်းအဝေးသို့ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် တက်ရောက်

အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့မှ (၂၄) ရက်နေ့ အထိကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်းရုံးမှ အကြီးအမှူးများ၊ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အာဆီယံစာရင်းအင်းဌာနခွဲ (ASEANstats)နှင့် အာဆီယံပေါင်းစည်းမှု စောင့်ကြည့်လေ့လာရေးညွှန်ကြားမှုဦးစီးဌာန (AIMD) များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် (၁၂)ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် ACCS မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၅) အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နှစ်စဉ်လုပ်ငန်းအစီအစဉ်ဆောင်ရွက်နိုင်မှု၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ၊ Data Harmonization ဆောင်ရွက်မှု၊ အခြားစာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်များကို အတည်ပြုကြပါသည်။ ၂၀၂၄ ခုနှစ်အတွက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်ကော်မတီ ဥက္ကဋ္ဌ အဖြစ် လာအိုနိုင်ငံမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး (၁၄)ကြိမ်မြောက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်ကော်မတီ အစည်းအဝေးကို လာအိုနိုင်ငံတွင် ကျင်းပရန် စီစဉ်ထားပါသည်။